# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 31 , 2023 Volume 64, Number 21


၃၁.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၂၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနှင့်ထိစပ်နေသောတရုတ်နိုင်ငံလင်ချန်းမြို့၏ မြို့တော်ဝန်က နှစ်နိုင်ငံ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရန် လာရောက်ဖိတ်ခေါ်

ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန် Mr. Du Jianhui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး လင်ချန်းမြို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မိတ်ဆက်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu က လင်ချန်းနှင့် မြန်မာနိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး နယ်စပ်ဂိတ်၊ ကုန်သွယ်ရေး လမ်းကြောင်းများနှင့် နယ်စပ်ဈေးများ ပိုင်ဆိုင်ထားကြောင်း၊ မြန်မာနိုင်ငံသို့တံခါးဖွင့်ရန်အတွက် ထူးခြားသော တည်နေရာအားသာချက်နှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှု အခြေခံရှိကြောင်း၊ လင်ချန်းမှ ၎င်း၏ ကိုယ်ပိုင်အားသာချက်များကို အပြည့်အဝ ဖော်ထုတ်ရန်၊ အခြေအနေအလိုက်ဆောင်ရွက်ပြီး မြန်မာနိုင်ငံနှင့်ကဏ္ဍစုံ လက်တွေ့ ပူးပေါင်းဆောင်ရွက်မှုများ အဆက်မပြတ် နက်ရှိုင်းစွာဆောင်ရွက်နိုင်ရန် သံရုံးမှ ကူညီပေးလိုကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များအနေဖြင့် လင်ချန်းမြို့တွင် လာရောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ခဲ့ကြောင်းလည်း သိရသည်။

အဆိုပါမိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ မြန်မာနိုင်ငံ တရုတ်လုပ်ငန်းရှင်များအသင်း အမှုဆောင်ဒုဥက္ကဋ္ဌ Mr. Yao Fenggang နှင့် မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းရှင်များ၊ တရုတ်နွယ်ဖွားလုပ်ငန်းရှင်များ အစရှိသည့် လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

မိတ်ဆက်ပွဲတွင် လင်ချန်းမြို့၏ သက်ဆိုင်ရာတာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မိတ်ဆက်မှုများ ပြုလုပ်ခဲ့ကြပြီး လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံသို့ လင်ချန်းမြို့၏ တံခါးဖွင့်လှစ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**Source: Popular News Journal**

## ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲနှမ်းတင်ပို့မှုလျော့ကျသော်လည်း ပြောင်းတင်ပို့မှုမြင့်တက်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲနှမ်းတင်ပို့မှုလျော့ကျသော်လည်း ပြောင်းတင်ပို့မှု မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များ

### CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောသည်။

“ပဲမျိုးစုံတင်ပို့မှုကတော့ ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်မယ်ဆိုရင် ၂ သိန်းခွဲနဲ့ သုံးသိန်းကြားတော့ လျော့သွားတာပေါ့။ ပြောင်းက ကျတော့ ၂ သိန်းခွဲနဲ့ သုံးသိန်းကြားတော့တိုးလာတယ်။နှမ်းကတော့ တန်ချိန် တစ်သိန်းနှစ်သောင်းလောက်တော့ လျော့သွားတယ်”ဟု ၎င်းကဆိုသည်။

ယခု (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်၏ ဧပြီလ ၁ ရက်မှ မတ်လ ၁၇ ရက်အထိ ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တန်ချိန် ၁၅ သိန်းကျော် နှင့် နယ်စပ်မှ တန်ချိန် ၂ သိန်း ၅ သောင်းကျော် တင်ပို့ထားပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၈ ဘီလီယံရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်အဓိကသီးနှံများအနေဖြင့် စပါး၊ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ပြီး ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး၏ လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ (၃၃%) စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံစိုက်ပျိုးမြေဧရိယာ၏ (၂၀%) ခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ (၇၂ %) သည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြကြောင်း လက်ရှိတွင် မြန်မာနိုင်ငံမှတင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်တစ်မယ်ဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပြည်တွင်းသကြားစက်များက ကြံဈေးကျပ်တစ်သိန်းအထိ တိုးမြှင့်ပေးဝယ်ရန်စီစဉ်နေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကြံရာသီတွင် ပြည်တွင်းသကြားစက်များက ကြံတစ်တန်လျှင် ကျပ်တစ်သိန်းအထိ တိုးမြှင့်ပေးဝယ်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါ ဘဏ္ဍာနှစ်အတွင်းကြံဈေး ပိုမိုမြင့်တက်နိုင်ပြီး ပြည်တွင်းသကြားစက်များဖြစ်သည့် ငွေရည်ပုလဲသကြားစက်၊ မိုင်းရယ်သကြားစက်တို့က ကြံတစ်တန်လျှင် ကျပ် ၉၅၀၀၀၊ ဝေမာသကြားစက်က ကျပ် ၉၄၀၀၀၊ မြဘုရင်သကြားစက်က ကြံတစ်တန် ကျပ် တစ်သိန်းအထိ ဈေးပေးဝယ်ယူမည်ဖြစ်ကာ အခြားသကြားစက်များကလည်း ဈေးတိုးမြှင့်ဝယ်ယူမည် ဖြစ်ကြောင်း ကြေညာထားသည်။

ယခုနှစ် ကြံရာသီတွင် ရာသီဥတုအခြေအနေကြောင့် အထွက်နှုန်း ၁၀ ရာခိုင်နှုန်းခန့် လျော့ကျသွားပြီး ပြည်တွင်း သကြားလိုအပ်ချက်မြင့်တက်လာသည့်အတွက် စက်ရုံများက ကြံဈေးတိုးမြှင့်ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ကြံရာသီအစတွင် ကြံတစ်တန် ကြမ်းခင်းဈေး ကျပ် ၈၀၀၀၀ သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်း၌ သကြားစက် အသီးသီးက ကျပ် ၉၀၀၀၀ အထိ ဈေးထပ်မံတိုးမြှင့်ဝယ်ယူခဲ့ပြီး အချို့သော သကြားစက်များက ကြံတစ်တန် ကျပ် ၉၅၀၀၀ အထိ ဈေးပေးဝယ်ခဲ့ကြောင်း သိရသည်။

ဈေးကွက်အတွင်း လက်ရှိ၌ သကြားဈေး တစ်ပိဿာ ကျပ် ၃၀၀၀ဝန်းကျင်တွင်ရှိနေပြီး ဆက်လက်မြင့်တက်လာနိုင် ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သကြားကို ဗီယက်နမ်နိုင်ငံ တစ်နိုင်ငံတည်းကိုသာ တန်ချိန် ၄၅၀၀၀ ခန့် တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ တန်ချိန် ၅၀၀၀ ခန့်သာ တင်ပို့နိုင်သေးကြောင်းသိရသည်။

**Source: https://t.me/sdtimedaily**

## တရုတ်နိုင်ငံမှ မြန်မာ့ထောပတ်သီးကို တန်ချိန် တစ်သိန်းခွဲလိုနေသော်လည်း မြန်မာနိုင်ငံ၌ တန် ၄၀၀၀ သာ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်သေး

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ထောပတ်သီးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ် နေကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"GACC ကကျတော့ G to G လက်မှတ်ရေးထိုးမှ ကျွန်တော်တို့က ဆက်ဆွေးနွေးလို့ရတာပေါ့။ အခုလက်ရှိကတော့ သူတို့တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတယ်။ သူတို့ဘက်ကလည်း လိုချင်တယ်၊ကျွန်တော်တို့ဘက်ကလည်း ရောင်းချင်တယ်။ ပထမဆုံးအဆင့်ကတော့ သူတို့ပညာရှင်တွေလွှတ်ပေးမယ်။ ဒုတိယအဆင့်ကတော့ ခြံတွေကို လာစစ်မယ်ပေါ့။ အဲဒါတွေပြီးမှ ကျွန်တော်တို့ကရမှာ။ လောလောဆယ်ကတော့ ဆွေးနွေးတဲ့အဆင့်ပဲရှိပါတယ်" ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးကျော်မျိုးမင်းက ပြောသည်။

တရုတ်နိုင်ငံမှ မြန်မာ့ထောပတ်သီးကို တန်ချိန် တစ်သိန်းခွဲခန့်မှန်းထားကြောင်း၊ သို့သော် မြန်မာနိုင်ငံ၌ တန် ၄၀၀၀ သာထွက်ရှိသည့်အတွက် လက်ရှိတွင် အများကြီးမတင်ပို့နိုင်သေးကြောင်း သိရသည်။ လာမည့် ၅ နှစ်အတွင်း တန် သိန်းချီထွက်နိုင်သည့်အတွက် အဆင်သင့်တင်ပို့နိုင်ရန် ကြိုးစားနေကြောင်း၊ တင်ပို့ဖြစ်ပါက ရှမ်းပြည်(တောင်ပိုင်း)၊ ပြင်ဦးလွင်၊ နောင်ချိုဒေသထွက်တွေကို အဓိကထားထားကြောင်း သိရသည်။

ယင်းအပြင် ယခုနှစ် ထောပတ်သီးရာသီချိန်တွင် လေကြောင်းကုန်သွယ်မှုမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထောပတ်သီး တန်ချိန် ၅၀ ကိုနှစ်သုတ်ခွဲ၍ တင်ပို့ထားကြောင်း၊ အဆိုပါနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကနေ စတင်တင်ပို့ထားခြင်းဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ထိုင်း ကော်ဖီအမေဇုံ ၂၀၂၃ တွင် ကမ္ဘာတစ်လွှား ဆိုင်များ ရာချီတိုးဖွင့်မည်

ထိုင်းနိုင်ငံမှ PTT Oil and Retail Business (PTTOR) သည် ယခုနှစ်တွင် ရင်းနှီးမြှုပ်နှံရန် ကန်ဒေါ်လာ ၉၀၀ ဘတ်ဂျက် ရေးဆွဲထားပြီး ထက်ဝက်ကို Café Amazon ဆိုင်အသစ်များ ထိုင်းနှင့် ပြည်ပနိုင်ငံများတွင် တိုးချဲ့ဖွင့်လှစ်ရန် ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။ Café Amazon ကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတစ်ဝှမ်းရှိ ဆိုင်ပေါင်း ၃,၉၀၀ ဖြင့် ထိုင်းနိုင်ငံ၏ အကြီးဆုံး ကော်ဖီဆိုင်ခွဲအမှတ်တံဆိပ် ဖြစ်သည်။

ထိုင်းနိုင်ငံ၏ PTT Oil and Retail Business (PTTOR) သည် ၂၀၂၃ တွင် Café Amazon ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရန် ကန်ဒေါ်လာ ၄၁၂ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ PTT Oil and Retail Business (PTTOR) သည် ၂၀၂၃ တွင် Café Amazon ဆိုင်အသစ် ၄၀၀၊ PTT စက်သုံးဆီဆိုင်အသစ် ၁၂၂ နှင့် လျှပ်စစ်ကား အားသွင်းရုံ ၅၀၀ တိုးချဲ့ဖွင့်လှစ်ရန် လျာထားသည်။ PTTOR သည် ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ အိုမန်၊ ဖိလစ်ပိုင်၊ ဆော်ဒီ အာရေးဗီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် Café Amazon ဆိုင်ခွဲပေါင်း ၃၅၀ ကျော်ကို ဖွင့်လှစ်ထားသည်။

**Source:** https://www.foodindustrydirectory.com.mm

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်း မြင့်တက်ခဲ့



Source: https://commerce.gov.mm

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်သို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၁ခုနှစ်တွင် အမေရိကန် ဒေါ်လာ (၂၇၄.၅၈) သန်းရှိခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၄၅၁.၄၀) သန်းရှိခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမေရိကန်သို့ ဖိနပ်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် (၆၄)ရာခိုင်နှုန်း တိုးလာကြောင်းဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် Tribune Desk သတင်း၌ မတ်လ ၂၇ ရက်နေ့တွင် ရေးသားထားသည်။

ထိုသို့ဘင်္ဂလားဒေ့ရှ်မှ အမေရိကန်သို့ ဖိနပ်တင်ပို့မှုမြင့်တက်လာရခြင်းမှာ အမေရိကန် ဝယ်လက်များသည် ၎င်းတို့မူလဝယ်ယူနေသည့် တရုတ်နှင့် ဗီယက်နမ်မှ ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့ဝယ်ယူခြင်းကြောင့် ဖြစ်ကြောင်းရေးသားဖော်ပြထားသည်။

ယခုနှစ်အတွင်းတရုတ်နိုင်ငံမှ အမေရိကန်၏ ပို့ကုန်အမှာစာများ လွှဲပို့ရောက်ရှိလာမှုအရ လာမည့်ရက်များအတွင်း ဘင်္ဂလားဒေ့ရှ်၏ ဖိနပ်တင်ပို့ရသည့် ဈေးကွက်သည် အမေရိကန်ဖြစ်လာပြီး ဥရောပထက် ပိုမိုကြီးမားသော ဈေးကွက်ဖြစ်လာမည်ဟု ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များက မျှော်လင့်ခဲ့ကြကြောင်း ဖော်ပြထားသည်။

အမေရိကန်မှ ဖိနပ်တင်သွင်းသူများသည် ယခင်တင်သွင်းနေကျနိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်နိုင်ငံများအပြင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဖိနပ်များကို တိုးမြှင့်တင်သွင်းလျက်ရှိကြောင်း ရေးသားထားသည်။

အမေရိကန်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ အချက်အလက်များအရ၂၀၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ဖိနပ်တင်သွင်းမှုသည် ကမ္ဘာ့ဖိနပ်တင်သွင်းမှုစုစုပေါင်း၏ (၃၅.၅၁) ရာခိုင်နှုန်းဖြစ်ကြောင်းရေးသားထားသည်။ အမေရိကန်မှ ဖိနပ်တင်သွင်းမှုသည် တန်ဖိုးအားဖြင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၂၅.၂၃)ဘီလီယံဖိုးတင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ( ၃၃.၄၃) ဘီလီယံဖိုးထိတိုးမြှင့်ခဲ့ကြောင်း ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ပို့ကုန်မြှင့်တင်ရေးဗျူရို၏ ထုတ်ဖော်ပြောကြားချက်အရ ဘင်္ဂလားဒေ့ရှ်၏ ဖိနပ်များမှ ပို့ကုန်ဝင်ငွေသည် ၂၀၂၂ ခုနှစ်တွင် (၂၅.၆၃)ရာခိုင်နှုန်းရှိခဲ့ပြီး တန်ဖိုးအားဖြင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၁.၀၂)ဘီလီယံ မှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၂၈) ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်းလည်း ရေးသားထားသည်။ ဘင်္ဂလားဒေ့ရှ်၏ ဖိနပ်တင်ပို့သည့် တန်ဖိုးဒေါ်လာ(၁.၂၈)ဘီလီယံရှိသည့်အနက် ဒေါ်လာ(၇၉၅.၅၃)သန်းသည် သားရေဖိနပ်များပို့ဆောင်ခြင်းမှ ရရှိခြင်းဖြစ်သည်။

**Source:** https://commerce.gov.mm

## STOCK EXCHANGE (31.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 200 | 1,600,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 313 | 956,250 | 38,929,150 | 120,680 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 1,131 | 1,646,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 5,000 | 4,800 | 23 | 112,700 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 30th Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.98 | +0.51 | +0.14% | 362.63 | 365.17 | 362.63 | 1,667 | 4,315,450 | 7 | 641,369 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Mar. 2022

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

### Main Board

As of 1:00 pm, 20th Mar. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

| MYANPIX | 363.98<br>▲ 0.51 |
|---|---|
| Total Volume (shares) | 1,667 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 641,369 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |

TIR